မုဟရ်ရမ်လမြတ် နှင့် အာယှုရာဂိုဏ်

ပြုစုသူ

မွတ်ဖ်သီ မုဟမ္မဒ် အာစွင်းမ်
(နဒ်ဝီ၊ မဂ္ဂဟေရှီ၊ အမုလ်ဟာစန်)

မုဟမ္မဒ် ကာအပ်ဟစ် (ခ) ချစ်သက်ညီ စီစဉ်သည်။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

တရေးသူ ၏ အမှာစာ

الحمد لله وحده والصلاة والسلام على من لانبي بعده وعلى اله وصحبه الذين اتبعوا سننه وهديه. وبعد

စာရှုသူလက်ဝယ်ရှိ ဤစာအုပ်ငယ်သည် ကျွန်ုပ်ရေးသားခဲ့ဖူးသည့် မုဟရ်ရမ်လမြတ်၊ အာရှုရာနေ့နှင့် သက်ဆိုင်သော သိမှတ်ဖွယ်ရာများကို ကျွန်ုပ်၏ချစ်တပည့်တစ်ဦးဖြစ်သူ မုဟမ္မဒ်ကအဗ်ဟစံမှ ကောက်နှုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

အစ္စလာမ့် နှစ်သစ်လည်းဖြစ်၊ မုဟရ်ရမ်လမြတ်လည်း ဖြစ်သောကြောင့် ဤအကြောင်းအရာများအား တစ်စုတစ်ပေါင်းတည်း တင်ပြခြင်းမှာ အခြေအနေ၏တောင်းဆိုချက်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်ပါသည်။

စာရှုသူများအနေဖြင့် စာအုပ်ပါ အချက်အလက်များကို လေ့လာဖတ်ရှုကာ လိုက်နာကျင့်သုံးကြမည်ဆိုလျှင် အလွန်ပင် ဝမ်းမြောက်ဖွယ်ရာ အခိုက်အတန့်ဖြစ်မည်မှာ အသေအချာပင်။

ဤကျမ်းငယ်ပါ အချက်အလက်အလက်များသည် တိုတောင်းလှပါသည်။ အကျယ်တဝင့်သိရှိလိုသော မွတ်စ်လင်မ်ညီနောင်များ၊ ညီအစ်မများအနေဖြင့် ဤကဏ္ဍတွင် ရေးသားပြုစုထားသော ကျမ်းကြီး

များကို ဆက်လက် လေ့လာဖတ်ရှုစေလိုပါသည်။ ထိုနည်းတူစွာ ဤကဏ္ဍနှင့်စပ်လျဉ်းပြီး အွန်လိုင်းတွင် ဆရာသခင်ကြီးများ၏ ဟောကြားချက်များကိုလည်း နားသောတ ပန်ဆင်စေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစာအုပ်ငယ် ဖြစ်မြောက်ရေးအတွက် အကျိုးအကြောင်း ညီညွတ်စေတော်မူသော အရှင်မြတ်ကို ကိုယ်နှုတ် နှလုံး ဤသုံးပါးလုံးဖြင့် ကျေးဇူးတင်ပါသည်။

ဤအသိတရားများ၊ ကျင့်မူရာများကို အွမ္မသ်ထံ မချွင်းမချန် ပို့ချပေးခဲ့သော မြတ်ကိုယ်တော်ﷺကိုလည်း ဒရူးဒ်မေတ္တာအခါခါ ပို့သပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးတွင် အဘက်ဘက်မှ ကြိုးပမ်းပေးခဲ့ကြသည့် ချစ်တပည့် မုဟမ္မဒ် ကအဗ်ဟစံ (မန္တလေး)၊ မျက်နှာဖုံး ဒီဇိုင်းဆွဲပေးပါသော ဟာဖိဇ်အဗ်ဒုရ်ရဟ်မားန်(ခ)ကိုလွင်ကိုကိုဦး နှင့် စာအုပ်ရိုက်နှိပ်ရေး တာဝန်ယူပေးသော မုဖ်သီ အဗ်ဒုလ်ဂနီ(နဒ်ဝီ) တို့ကိုလည်း ရင်ထဲအသဲထဲတွင် ကျေးဇူး မှတ်တမ်း တင်ရှိလျက်.....။

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊ အဗုလ်ဟစနီ၊ မဇ္ဇာဟေ့ရီ)

၁/မုဟရ်ရမ်လမြတ်/ဟစ်ဂျ်ရီ ၁၄၄၆ခု

၈/၇/၂၀၂၄ (တနလ်ာနေ့)

မတ်စ်ဂျေ့ဒ့နဗဝီ၊ မဒီနာရွေမြို့တော်

မုဟရ်ရမ်လမြတ် နှင့် အာယှုရာရှိဈာ

မုဟရ်ရမ် ဆိုသည်မှာ –

လေးစားထိုက်သော၊ အထွတ်မြတ်ထားထိုက်သော အရာဟူ၍ ဖြစ်သည်။ (သွေးထွက်သံယို ပြုခြင်းမှ) ရှောင်ကြဉ်ရသည့် အထွတ်မြတ်ထားရာ လ(၄)လ အနက် တစ်လဖြစ်သောကြောင့် အရဗ်တို့က "မုဟရ်ရမ်"ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ အစ္စလာမ့်ခုနှစ်၏ ပထမဦးဆုံးလ မြတ်လည်း ဖြစ်သည်။

အထွတ်မြတ်ထားရာ လ(၄)လဟူသည် ဇုလ်ကအ်ဒဟ်၊ ဇုလ်ဟစ်ဂျဟ်၊ မုဟရ်ရမ်နှင့် ရဂျဗ်လမြတ် များ ဖြစ်ကြောင်း ကျမ်းတော်မြတ်လာ အာယတ်တော်အရ သိရှိရပါသည်။

အာယှုရာနှ ဆိုသည်မှာ –

အာယှုရာဆိုသည်မှာ အရဗီစာပေတွင် (၁၀)ရက်မြောက်နေ့ဟု အဓိပ္ပာယ်ရသည်။ မုဟရ်ရမ်လ၏ (၁၀) ရက်မြောက်နေ့အတွက် အထူးသုံးစွဲပါသည်။

အာယှူရာရှိဇာနှင့် အကျိုးကျေးဇူး

အာယှူရာနေ့၏ ရိဇာသည် **မွတ်စ်သဟဗ်** (ထားလိုက်ပါက အကျိုးဆဝါးဗ်ရပြီး၊ မထားနိုင်ပါက အပြစ်မရှိသော အမိန့်) ဖြစ်သည်။

قالَ النبيُّ صلى اللهُ عليهِ وسلمَ:

"أفضلُ الصيامِ بعدَ رمضانَ شهرُ اللهِ المحرمُ" (رواهُ مسلمٌ)

မြတ်နဗီ ﷺ အမိန့်ရှိတော်မူသည်။ လမြတ်ရမဿွာန်၏ ရိဇာ ပြီးနောက် အမြတ်ဆုံးသော ရိဇာမှာ မုဟရ်ရမ်လ၌ စောင့်သော ရိဇာဖြစ်သည်။ (မွတ်စ်လင်မ်ကျမ်း)

قالَ النبيُّ صلى اللهُ عليهِ وسلمَ:

"صيامُ يومِ عاشوراءَ، أحتسبُ على اللهِ أن يكفرَ السنةَ التي قبلَهُ" (رواهُ مسلمٌ)

မြတ်နဗီ ﷺ အမိန့်ရှိတော်မူသည်။ အာယှူရာနေ့မြတ်တွင် ရိဇာစောင့်ထိန်းခြင်းဖြင့် တစ်နှစ်ပတ်လုံး ရိဇာစောင့်ထိန်းသည့် အကျိုးဆဝါးဗ် ရရှိမည်ဖြစ်သည်။ (မွတ်စ်လင်မ်ကျမ်း)

အာယှူရာရှိဇာ သမိုင်း –

မိခင်မွန် အာအေရှာ ﷺ သခင်မ ဆင့်ပြန်ပြောကြားခဲ့သည်။ “ကိုရိုင်ရှ်မျိုးနွယ်ဝင်များသည် ဂျာဟေ့လီယသ် (အမိုက်ခေတ်)တွင်

အာယှုရာရှိဇာ စောင့်ထိန်းခဲ့ကြသည်။ ကိုယ်တော်မြတ်ﷺသည်လည်း အာယှုရာ ရှိဇာ စောင့်ထိန်းတော်မူခဲ့သည်။

မဒီနာရွှေမြို့တော်သို့ ဟစ်ဂျ်ရသ်ပြုပြီးနောက်ပိုင်း ကိုယ်တော်ﷺကိုယ်တိုင်လည်း ရှိဇာထားတော်မူခဲ့ပြီး ဆွဟာဗာအပေါင်းကိုလည်း ရှိဇာထားရန် အမိန့်ပေးခဲ့သည်။

ဟစ်ဂျ်ရီ(၂)ခုနှစ်တွင် လမြတ်ရမ်ဇာန်၏ရှိဇာ ဖရ်ဇ်အဖြစ် ပြဋ္ဌာန်းခြင်းခံရသောအခါ "အသင်တို့ အနက် အာယှုရာရှိဇာကို ထားလိုက ထားကြကုန်၊ မထားနိုင်သူများမှာလည်း မထားဘဲ နေနိုင်သည်"ဟု အမိန့်ရှိခဲ့သည်။ သိရ်မေ့ဇီကျမ်း (အတွဲ၂)၊(စာ၁၅၈)

ဂျာဗိရ်ဗင်နိ်စမိုရဟ် ﷺသခင်ကြီးရဲ့ ဆင့်ပြန်ချက်မှာ - လမြတ်ရမ်ဇာန် ရှိဇာဖရ်ဇ်မဖြစ်မီ အာယှုရာနေ့မှာ ကိုယ်တော်မြတ်ﷺက ဆုံးမစကား ချီးမြှင့်သေးကြောင်း ဖော်ပြထားသည်။

ကိုယ်တော်မြတ် ﷺအဘယ့်ကြောင့် အာယှုရာရှိဇာ စောင့်ထိန်းခဲ့သလဲ –

အာယှုရာနေ့တွင် အသျှင်မြတ်က တမန်တော်မူစာ ﷺနှင့် ဗနီအစ္စရာအီလ်လူမျိုးတို့ကို ဖိရ်အောင်နိ၏ အန္တရာယ်ရန်စွယ်မှ လွတ်မြောက်စေခဲ့သည်။ ထိုကြောင့် တမန်တော်မူစာﷺသခင်က အသျှင်မြတ်အား ကျေးဇူးတင်သောအားဖြင့် ထိုနေ့တွင် ရှိဇာထားခဲ့သည်။

ယဟူဒီတို့ကလည်း ထိုနေ့ကို အထွတ်အမြတ်ထားပြီး ရိဇာထားကြသည်။

ကိုယ်တော်မြတ်ﷺက "ငါကိုယ်တော်သည် သူတို့ထက် ဟဇရသ်မူစာ(အလဲ)သခင်ရဲ့ လမ်းစဉ်နှင့် ပိုမိုထိုက်သက်ပေသည်" ဟု မိန့်ကာ ကိုယ်တိုင်လည်း ရိဇာထားပြီး ဆွဟာဗဟ်အပေါင်းကိုလည်း ရိဇာထားစေခဲ့ခြင်း ဖြစ်ပါသည်။

အာယှုရာရှီဇ ထားပုံ၊ထားနည်း

အာယှုရာရှီဇာ ထားပုံ၊ ထားနည်းနှင့်ပတ်သက်ပြီး ပညာရှင်များက အောက်ပါအတိုင်း တင်ပြထားကြသည်။

ပထမ ပုံစံ	၉-၁၀-၁၁	(၃)ရက် ဆက်တိုက်ထားခြင်း
ဒုတိယ ပုံစံ	(၉-၁၀) (၁၀-၁၁)	နှစ်သက်ရာ (၂)ရက်ထားခြင်း
တတိယ ပုံစံ	၁၀	(၁)ရက်တည်းသာ ထားခြင်း

ပထမပုံစံသည် အမြတ်ဆုံးဖြစ်သည်။

ဤကောင်းမှု ဆောင်ရွက်ခြင်းတွင်လည်း ကိုယ်တော်မြတ် ﷺ သည် မိမိအမွှမသ်ကို ယဟူဒီတို့နှင့် ဆန့်ကျင်ပြီး **(၂)ရက်** ထားစေခဲ့ခြင်း ဖြစ်ပါသည်။

သိရ်မေ့ဇီကျမ်း၊အတွဲ(၃)၊ စာ(၁၂၀)၊
အလ်အရ်ဖှရ်ရှဇီကျမ်း ၊ အတွဲ(၂) ၊ စာ (၁၇၇)

အာယှူရာနှ မိသားစုအပေါ် ပေးဖာသိသိ သုံးစွဲခြင်း

قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وآله وَسَلَّمَ: مَنْ وَسَّعَ عَلَى أَهْلِهِ يَوْمَ عَاشُورَاءَ وَسَّعَ اللهُ عَلَيْهِ سَائِرَ سَنَتِهِ

မြတ်နဗီ ﷺ အမိန့်ရှိတော်မူသည်။ အာယှူရာနေ့မြတ်တွင် မိသားစုအပေါ် (မိမိတတ်နိုင်သည့် အတိုင်းအတာနှင့်အညီ) ချောင်လည် ဖောသီစွာ သုံးစွဲပါက တစ်နှစ်ပတ်လည်လုံး ရိဇီရိကွာတွင် ချောင်လည်မှု ရရှိမည်ဖြစ်သည်။ သွဗ်ရာနီကျမ်း၊ အတွဲ (၁၀)၊ စာ (၉၄)
သရ်ဂီးဗ်ကျမ်း (ဟဒီးဆ်အမှတ်-၁၅၃၆)

အေမာမ် စွဖ်ယားန်ဗင်န် အိုယိုင်နား ﷺ "ကျွန်ုပ် ဤအပေါ်တွင် နှစ်ပေါင်း (၅၀)တိုင်တိုင် ကျင့်သုံးခဲ့ရာ အကျိုးရှိလှကြောင်း လက်တွေ့ မြင်ခဲ့ရသည်"ဟု မှတ်ချက်ပြုခဲ့သည်။ ရှိုအဗုလ်အီမာန် ဗိုင်ဟကီ-၃၇၉၁

မုဟရ်ရမ်လမြတ်၏ ထူးခြားဖြစ်စဉ်များ

❖ ဟစ်ဂျ်ရီ (၇)ခုနှစ် မုဟရ်ရမ်လမြတ်တွင် ခိုင်ဇရ် စစ်ပွဲဖြစ်ပွားခဲ့သည်။

❖ ဟစ်ဂျ်ရီ (၁၄)ခုနှစ် မုဟရ်ရမ်လမြတ်တွင် "ကာဒိစိယဟ်"စစ်ပွဲဖြစ်ပွားခဲ့သည်။

❖ ဟစ်ဂျ်ရီ (၁၈)ခုနှစ် မုဟရ်ရမ်လမြတ်တွင် အွမ္မသ်၏ ခေါင်းဆောင်ဖြစ်သူ ဟဇရသ်အုဗိုင်ဒဟ်ဗင်နှ် ဂျရ်ရဟ် ﵁ သခင် ရှဟီးဒ်ဖြစ်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၁၈)ခုနှစ် မုဟရ်ရမ်လမြတ်တွင် ဒမတ်စကတ်၏ ဘုရင်ခံ ယဇီးဒ်ဗင်နှ် အဗူစုဖ်ယားနှ် ﵁ သခင် ကွယ်လွန်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၂၁)ခုနှစ် မုဟရ်ရမ်လမြတ်တွင် ဟဇရသ်အမ်ရ်ဗင်နှ်အားဆွ် ﵁ သခင်သည် အီဂျစ်ကို အောင်နိုင်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၂၄)ခုနှစ် မုဟရ်ရမ်လမြတ် (၁)ရက်နေ့တွင် ဒုတိယခလီဖာကြီး ဟဇရသ်အုမရ်ဖွာရူးက် ﵁သခင် ရှဟီးဒ်ဖြစ်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၃၇)ခုနှစ် မုဟရ်ရမ်လမြတ်တွင် ခလီဖဟ်ကြီး ဟဇရသ်အလီ﵁သခင်နှင့် ဟဇရသ် အမီးရေ့မုအာဝေယဟ်﵁သခင်တို့အကြား ယာယီစစ်ပြေငြိမ်းရေးပြုလုပ်ခဲ့ခြင်းအတွက် "စိဖ်ဖီးန်"စစ်ပွဲ အဆုံးသတ်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၆၁)ခုနှစ် မုဟရ်ရမ်လမြတ် (၁၀)ရက်နေ့တွင် တမန်တော်မြတ်ﷺ၏ မြေးတော် ဟဇရသ်ဟုစိုင်းန်ﷺသခင် "ကရ်ဗလာ" ကွင်းပြင်တွင် ရှဟီးဒ်ဖြစ်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၇၄)ခုနှစ် မုဟရ်ရမ်လမြတ်တွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အုမရ် ﷺသခင် ကွယ်လွန်ခဲ့သည်။

❖ ဟစ်ဂျ်ရီ (၁၆၁)ခုနှစ် မုဟရ်ရမ်လမြတ်တွင် မြင့်မြတ်လှသော တမန်တော်မြတ်ﷺ၏ ဗလီဝတ်ကျောင်းတော်ကြီးအား တိုးချဲ့တည်ဆောက်ခဲ့သည်။

ဟစ်ဂျ်ရီ (၁၄၄၆)ခု၊ မုဟရ်ရမ်လ (၁)ရက်
ခရစ်နှစ် (၂၀၂၄)ခု၊ ဇူလိုင်လ (၈)ရက်